**စာရင်းအင်းကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ Virtual အစည်းအဝေး(၁/၂၀၂၀) ကျင်းပ**


**၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၀) ရက်နေ့**

**နေပြည်တော်**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ဦးဆောင်၍ စာရင်းအင်းကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ Virtual အစည်းအဝေး(၁/၂၀၂၀)ကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ(၂၀)ရက်နေ့တွင် ရုံးအမှတ်(၃၂)၊ ဗဟိုစာရင်းအင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ စာရင်းအင်းကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ ဗဟိုစာရင်းအင်းအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ဖွံ့ဖြိုးမှုမိတ်ဖက်များကိုယ်စား UNFPA မှ ဌာနေကိုယ်စားလှယ် Mr.Ramanathan Balakrishnan နှင့် ကမ္ဘာ့ဘဏ်မှ Senior Economist ဖြစ်သူ Ms.Emilie Bernadettee Perge တို့က အမှာစကား ပြောကြားခဲ့ပါသည်။ ထို့နောက် ဗဟိုစာရင်းအင်းအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်က စာရင်းအင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများအား ခြုံငုံတင်ပြခြင်း၊ စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ (National Strategy for Development of Statistics–NSDS) လုပ်ငန်းအဖွဲ့(၁၀)ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များက လုပ်ငန်းအဖွဲ့အလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးသို့ တက်ရောက်လာသူများမှ ဝိုင်းဝန်းဆွေးနွေးကြပါသည်။ အဆိုပါအစည်းအဝေးသည် အမျိုးသားစာရင်းအင်းအရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့်မဟာဗျူဟာကို ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်လျက်ရှိရာ လုပ်ငန်းအဖွဲ့တစ်ခုချင်းစီ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများနှင့် လိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ဆွေးနွေးညှိနှိုင်း အကြံပြုချက်များရယူနိုင်ရန်နှင့် ၂၀၂၀ ပြည့်နှစ်၊ ကမ္ဘာ့စာရင်းအင်းနေ့ ကျင်းပနိုင်ရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ပါသည်။






RTAD
CSO Meeting
Dr Sandar Aung
Tin Tun Oo (UN...
Asus
Yu Myat Mun,UNFPA
Han Tun Khaing...
U Kyin Htay
Nwe Ni Win ( CBM)
Zaw Min Htun,...
Lenovo
GAD (HeadOffice)
Nyunt Lwin(DALMS)
Ramanathan Balakri...
Khaing Khaing Soe
Gillian San San Aye
zu
Emilie Perge
Daw Yee Yee Sein
988 4750 4185
Myanmar_FERD_Ms...
Daw Mi Mi Myat
Han Tun Oo
Sanda Saing
Ei Ei Thein (MI...